# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

July 20 , 2023 Volume 68, Number 13


၂၀.၇.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၈၇ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၅၄.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၈၈.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၁၂.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၂၄၃၆.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၉၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၆၂၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၅.၃၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၂.၂၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၇၈၃ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ဝ၁-၃၇၁၂ဝ၃
ဝ၁-၃၇၆၄၁၆
ဝ၁-၃၇၆၄၉ဝ
ဖက်စ် ဝ၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ယခုနှစ်ခြောက်လတာ ကာလအတွင်း ကြိမ် ဝါးကုန်ကြမ်းများနှင့် အချောထည်ပစ္စည်းများ ပြည်ပသို့ တင်ပို့နိုင်ခဲ့



ယခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ ခြောက်လတာကာလအတွင်း ပြည်တွင်းမှ ထွက်ရှိသော ကြိမ် အချောထည်ပစ္စည်းများ၊ ကြိမ်လုံး၊ ဝါးခြမ်း၊ ဝါးလုံးနှင့် ဝါးဖျာစသည့် ကြိမ်၊ ဝါးကုန်ကြမ်းများနှင့် အချောထည် ပစ္စည်းများကို ပြည်ပသို့ တင်ပို့နိုင်ခဲ့ကြောင်း သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးလင်းထင်၏ ပြောကြားချက်အရ သိရသည်။

အဆိုပါ ကြိမ်၊ ဝါးကုန်ကြမ်းများနှင့် အချောထည်ပစ္စည်းများကို အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများ၊ အာရှ၊ ဥရောပနှင့် တောင်အာဖရိကနိုင်ငံများသို့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းနှင့် ပင်လယ်ရေကြောင်း တို့မှတစ်ဆင့်တင်ပို့ခဲ့ခြင်းဖြစ်သည်။

“ဇန်နဝါရီလကနေ ဇွန်လအထိခြောက်လတာကာလအတွင်း ပြည်ပကို ကြိမ်အချောထည်ပစ္စည်း ၂၇၅၅၈၄ ခုနဲ့ ကြိမ်အလုံးရေ ၁၄၁ဝဝဝ ကျော် တင်ပို့ထားပါတယ်။ တင်ပို့ခဲ့တဲ့နိုင်ငံတွေထဲမှာ ဘာရာဇီး၊ တရုတ်၊ ဒိန်းမတ်၊ ပြင်သစ်၊ ဂျာမနီ၊ နယ်သာလန်၊ နယူးဇီလန်၊ ရိုမေးနီးယား၊ ဆော်ဒီအာရေဗျ၊ စင်ကာပူ၊ တောင်အာဖရိက၊ တောင်ကိုရီးယား၊ ဆွီဒင်၊ ထိုင်း၊ ယူအေအီး၊ ဗြိတိန်နဲ့ အမေရိကန် စတဲ့နိုင်ငံ တွေပါဝင်ပါတယ်။ အများဆုံးတင်ပို့တဲ့ ကြိမ်အမျိုးအစားတွေက ကြိမ်နီ၊ ရေကြိမ်နဲ့ ကြက်ဥကြိမ်တို့ဖြစ်ပါတယ်”ဟု ဦးလင်းထင်က ပြောသည်။

ထို့ပြင် ဝါးတင်ပို့မှုအနေဖြင့် ယခုနှစ် ခြောက်လတာကာလအတွင်း ဝါးအခြမ်းပေါင်း ၁ ဒသမ ၉၉၄ သန်း ကျော်၊ ဝါးအလုံးပေါင်း ၄ဝဝဝ နှင့် ဝါးဖျာအချပ်ရေ ၁၈ဝဝဝ ကို ပြည်ပသို့ တင်ပို့နိုင်ခဲ့ကြောင်း၊ တင်ပို့ခဲ့သော နိုင်ငံများတွင် တရုတ်၊ အိန္ဒိယ၊ တောင်ကိုရီးယား၊ နယ်သာလန်၊ ပါကစ္စတန်၊ စင်ကာပူ၊ ဗီယက်နမ်၊ အီတလီ၊ တရုတ် (တိုင်ပေ) နှင့် ဗြိတိန် စသည့်နိုင်ငံများပါဝင်ပြီး အများဆုံးတင်ပို့သော ဝါးအမျိုးအစား

များမှာ ဝါးယား၊ ကြသောင်းဝါးနှင့် ထီးရိုးဝါးတို့ဖြစ်ကြောင်း သိရသည်။

ပြည်တွင်းရှိ ပုဂ္ဂလိက ဝါးစိုက်တောင်သူများအား ဝါးစိုက်ခင်းများကို စက်မှုကုန်ကြမ်းစိုက်ခင်းများအဖြစ် တည်ထောင်စိုက်ပျိုးခွင့်ပြုထားပြီး ဝါးတောများ ပျက်စီးပြုန်းတီးမှုမရှိစေရန် သစ်တောဥပဒေဖြင့် ကာကွယ် ထိန်းသိမ်းလျက်ရှိသည်။

ပြည်တွင်း၌ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်မှ ကူညီဆောင်ရွက်လျက်ရှိရာ သစ်တောဦးစီးဌာနအနေဖြင့်လည်း သစ်တောထွက်ပစ္စည်းများကို အချောထည်များပြုလုပ်၍ ပြည်ပသို့တင်ပို့နိုင်စေရန်နှင့် ပုဂ္ဂလိကစက်မှုကုန်ကြမ်း ဝါးစိုက်ခင်းများ တည်ထောင် နိုင်စေရန် ပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

Source: https://www.myawady.net.mm/node/43306

## ထိုင်းနိုင်ငံသို့ မြန်မာ့ကော်ဖီ တစ်တန်လျှင် ကျပ်သိန်း (၁၅ဝ) မှ (၁၇ဝ) ခန့်ဖြင့် တင်ပို့ရောင်းချ

ပြီးခဲ့သည့် ကော်ဖီရာသီချိန်အတွင်း မြန်မာ့ကော်ဖီသီးနှံအထွက်နှုန်း၏ (၇၅) ရာခိုင်နှုန်းကို ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မြန်မာနိုင်ငံကော်ဖီအသင်းမှ သိရသည်။ ယင်းသို့ ထိုင်းနိုင်ငံထံ တင်ပို့ရောင်းချရာတွင် ကော်ဖီ တစ်တန်လျှင် ကျပ်သိန်း (၁၅ဝ)မှ (၁၇ဝ) ခန့်အထိ ဈေးကောင်းရရှိခဲ့ကြောင်း သိရသည်။



"အများဆုံးကတော့ ထိုင်းနိုင်ငံကိုပဲ။ (၇၅) ရာခိုင်နှုန်းလောက် တင်ပို့နိုင်ခဲ့ပါတယ်။ ကုန်ကြမ်း အသီးစိမ်းအနေနဲ့ တင်ပို့ခဲ့တာပါ"ဟု မြန်မာနိုင်ငံကော်ဖီအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ကော်ဖီရာသီချိန်အစတွင် ထိုင်းနိုင်ငံဝယ်လက်များက ဒေသအရောက် ဝယ်ယူထုတ်လုပ်နေခြင်းကြောင့် ပြီးခဲ့သည့် ၂ဝ၂၂ ခုနှစ်ကထက် သုံးဆခန့် ဈေးနှုန်း ပိုမိုရရှိခဲ့ကြောင်း သိရသည်။


ပုံမှန်ကော်ဖီရာသီများတွင် ပျမ်းမျှကော်ဖီတန်ချိန် ၁ဝ,ဝဝဝ ကျော်ခန့် ထွက်ရှိခဲ့သော်လည်း ပြီးခဲ့သည့် ကော်ဖီရာသီချိန်က ရာသီဥတုမှာ ပန်းပွင့်ချိန်စောသည့်အပြင် ပုံမှန်ထက် မိုးပိုမိုရွာသွန်းခဲ့ခြင်းကြောင့် အထွက်နှုန်း လေးပုံတစ်ပုံခန့်အထိ ကျဆင်းခဲ့ကာ ကော်ဖီရာသီချိန်ကို စောစီးစွာ သိမ်းခဲ့ရကြောင်း သိရသည်။

ပြည်တွင်း၌ ကော်ဖီသီးနှံကို ဒီဇင်ဘာလမှ မတ်လအတွင်း ခူးဆွတ်ထုတ်လုပ်ပြီး ကော်ဖီရာသီသိမ်းသည့် ဧပြီလ နှင့် မေလနှောင်းပိုင်းမှ စတင်ကာ ထိုင်းနိုင်ငံအပါအဝင် ပြည်ပနိုင်ငံများသို့ ကော်ဖီအစေ့များအဖြစ် တင်ပို့ရောင်းချကြကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ကော်ဖီကို မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နှင့် ရှမ်းပြည်နယ်တို့တွင် အများဆုံး စိုက်ပျိုးပြီး အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင်လည်း အနည်းငယ် စိုက်ပျိုးကာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကော်ဖီစိုက်ဧက ၅ဝ,ဝဝဝ ကျော်ရှိကြောင်း သိရသည်။

Source: https://www.popularmyanmar.com/?p=121646

## မြန်မာမှုလက်ရာမြေထည်ပန်းအိုးများ ရောင်းအားကောင်းလျက်ရှိ



မြန်မာနိုင်ငံ၏ မြေထည်ပစ္စည်းပြုလုပ်ရာ ဒေသအသီးသီးမှ ဝင်ရောက်လာသော မြန်မာမှုလက်ရာ မြေထည်ပန်းအိုးများ နေပြည်တော်ဈေးကွက်အတွင်း၌ ရောင်းအားကောင်းလျက်ရှိကြောင်းသိရသည်။ အဆိုပါ ပန်းအိုးများကို နေပြည်တော်ဈေးကွက်အတွင်းသို့ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်မှ အများဆုံး တင်သွင်းခြင်း ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်နှင့်

အမရပူရမြို့နယ်စသည်တို့မှလည်း အနည်းငယ်တင်သွင်းကြောင်း၊ ထို့ပြင် တွံတေးနှင့် မော်လမြိုင်တို့မှလည်း ရံဖန်ရံခါ တင်သွင်းလေ့ရှိကြောင်း သိရသည်။

အခုအချိန်က မိုးရာသီဖြစ်တော့ အလှစိုက်ပန်းအိုးတွေ ရောင်းအားကောင်းပါတယ်။ တချို့ရက်တွေဆိုရင် တစ်ရက်ကို ၁၅ လုံးကနေ အလုံး ၂၀ လောက်အထိ ရောင်းရပါတယ်။ ဈေးနှုန်းတွေကတော့ ပန်းအိုးရဲ့ လက်ရာနဲ့ အရည်အသွေးပေါ် မူတည်ပြီးတော့ ပန်းအိုးတစ်လုံးကိုအနိမ့်ဆုံး ငွေကျပ် ၆၅၀၀ ကနေ အမြင့်ဆုံး ငွေကျပ် ၇၅၀၀၀ အထိ အမျိုးမျိုးရှိပါတယ်။ အခြားမြေထည်ပစ္စည်းတွေကတော့ ပုံမှန်အတိုင်း အရောင်းအဝယ်ရှိပါတယ်ဟု အာဟာရသုခဈေးမှ မြေထည်ပစ္စည်း အရောင်းဆိုင်ပိုင်ရှင်တစ်ဦးက ပြောသည်။

အာဟာရသုခဈေးအနီးရှိ မြေထည်ပစ္စည်းအရောင်းဆိုင်များတွင် ဘုရားပန်းအိုးများ၊ ဆီမီးခွက်များ၊ အလှဆင်ပန်းအိုးများ၊ ပုံစံအစုံသောက်ရေအိုးများ၊ မြေထည်စုဘူးများ၊ အိမ်သုံးအလှဆင်အရုပ်အမျိုးမျိုး၊ ရေအင်တုံ၊ စဥ့်အိုးများ၊ ကလေးကစားစရာ ရောင်စုံအိုးပုတ်များ စသည့်မြန်မာမှုလက်ရာ မြေထည်ပစ္စည်း အမျိုးမျိုးကို ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။

Source: https://www.myawady.net.mm/node/43316

## မန္တလေးကုန်စည်ဒိုင် ပြောင်းဖူးစေ့ ဈေးနှုန်း ဈေးကွက်အခြေအနေ

ဇူလိုင်တတိယပတ်အတွင်း မန္တလေးကုန်စည်ဒိုင်သို့ ရှမ်းပြည်နယ်ဘက်မှ ပြောင်းဖူးစေ့များ ဝင်ရောက်လျက်ရှိကြောင်း၊ ပြည်တွင်းတိရစ္ဆာန် အစာတောင့်စက်ရုံများမှ အနည်းငယ်ဝယ်ယူမှုရှိနေပြီး၊ ပြည်ပဈေးကွက် တင်ပို့မှုအေး၍ ယခင်လထက် ပြောင်းဈေးအေးနေကြောင်း မန္တလေးကုန်စည်ဒိုင် ဈေးကွက်မှ သိရသည်။

ရှမ်းပြောင်းဖူးစေ့ ၅၄ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၅၇၅၀၀ မှ ၅၇၀၀၀၊ ယခင်တစ်ပတ် ကျပ် ၅၇၀၀၀ မှ ၅၆၀၀၀၊ ယခင်လ ကျပ် ၆၁၅၀၀ မှ ၆၁၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၅၀၀ မှ ၁၀၀၀ မြင့်တက်လာပြီး၊ ယခင်လထက် ကျပ် ၄၀၀၀ နိမ့်ကျလာသည်။ စီပီပြောင်း ၅၄ ပိဿာဝင် သုံးတင်းတစ်အိတ်ဈေးနှုန်းမှာ ယခုတစ်ပတ် ကျပ် ၅၇၅၀၀မှ ၅၇၀၀၀၊ ယခင်တစ်ပတ် ကျပ် ၅၇၀၀၀ မှ ၅၆၀၀၀၊ ယခင်လ ကျပ် ၆၁၅၀၀ မှ ၆၁၀၀၀ဖြစ်သည်။ ယခင်တစ်ပတ်ထက်ကျပ် ၅၀၀ မှ ၁၀၀၀၊ ယခင်လထက်ကျပ် ၄၀၀၀နိမ့်ကျလာသည်။ ဗမာပြောင်းဖူးစေ့ ၅၄ ပိဿာဝင် သုံးတင်းတစ်အိတ်ဈေးနှုန်းမှာ ယခုတစ်ပတ် ကျပ် ၅၇၀၀၀၊ ယခင်တစ်ပတ် ကျပ် ၅၅၀၀၀ မှ ၅၆၀၀၀၊ ယခင်လ ကျပ် ၆၀၀၀၀ မှ ၅၉၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက်ကျပ် ၁၀၀၀ မှ ၂၀၀၀ မြင့်တက်နေပြီး၊ ယခင်လထက် ကျပ်၂၀၀၀ မှ ၃၀၀၀ နိမ့်ကျလာသည်။

Source: မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ မန္တလေး

## မန္တလေးကုန်စည်ဒိုင်တွင် ထောပတ်ပဲလက်ကျန်နည်း၍ ပြည်ပမှဝယ်ယူနေသောကြောင့် ဈေးနှုန်းမြင့် တက်လာ

ဇူလိုင်လ တတိယပတ်အတွင်း မန္တလေးကုန်စည်ဒိုင်တွင် ထောပတ်ပဲများ ဆက်တိုက်တက်လာပြီး လက်ကျန်နည်းလာကာ လှောင်လက်သမားများမှ ကြိုက်ဈေးမရ၍ ဈေးစောင့်နေခြင်း၊ ရန်ကုန်ဝယ်လက်နှင့် ပြည်ပမှ အဝယ်သွက်နေသောကြောင့် ဈေးမြင့်လာကြောင်း မန္တလေး ကုန်စည်ဒိုင်ဈေးကွက်မှသိရသည်။

**ထောပတ်ပဲ (ကြီး)** ၅၆.၂၅ ပိဿာဝင် သုံးတင်းဝင်တစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၃၁၀၀၀၀ မှ ၃၁၅၀၀၀ ၊ ယခင်တစ်ပတ် ကျပ် ၂၉၅၀၀၀ မှ ၃၁၀၀၀၀၊ ယခင်လ ကျပ် ၂၈၅၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၅၀၀၀ မှ ၁၅၀၀၀၊ ယခင်လထက် ကျပ် ၂၅၀၀၀ မှ ၃၀၀၀၀ မြင့်တက်လာသည်။

**ထောပတ်ပဲ (လတ်)** ၅၆.၂၅ ပိဿာဝင် သုံးတင်းဝင်တစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၂၉၅၀၀၀ မှ ၃၀၀၀၀၀၊ ယခင်တစ်ပတ် ကျပ် ၂၈၅၀၀၀ မှ ၂၉၀၀၀၀၊ ယခင်လ ကျပ် ၂၇၅၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၀၀၀၀၊ ယခင်လထက် ကျပ် ၂၀၀၀၀ မှ ၂၅၀၀၀ မြင့်တက်လာသည်။

**ထောပတ်ပဲ (သေး)** ၅၆.၂၅ ပိဿာဝင် သုံးတင်းဝင်တစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၂၈၀၀၀၀ မှ ၂၈၅၀၀၀၊ ယခင်တစ်ပတ် ကျပ် ၂၆၀၀၀၀ မှ ၂၇၅၀၀၀၊ ယခင်လ ကျပ် ၂၅၅၀၀၀ မှ ၂၆၅၀၀၀ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၀၀၀၀

မှ ၂၀၀၀၀၊ ယခင်လထက် ကျပ် ၂၀၀၀၀ မှ ၂၅၀၀၀ မြင့်တက်လာသည်။
Source: မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ မန္တလေး

## ၂၀၂၃ ခုနှစ် ဇန်နဝါရီမှ မတ်လအထိ သုံးလအတွင်း မြန်မာနိုင်ငံသို့သွင်းကုန် အများဆုံးတင်သွင်းထားသည့် နိုင်ငံငါးနိုင်ငံတွင် တရုတ်၊ စင်ကာပူ၊ ထိုင်း၊ မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့ အစဉ်လိုက်ရပ်တည်

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် စတုတ္ထသုံးလပတ်ဖြစ်သည့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ မတ်လအတွင်း မြန်မာနိုင်ငံသို့ သွင်းကုန်အများဆုံးတင်သွင်းထားသည့် နိုင်ငံ( ၅ ) နိုင်ငံတွင် တရုတ်၊ စင်ကာပူ၊ ထိုင်း၊ မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့ အစဉ်လိုက်ရပ်တည်လျက်ရှိကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် စတုတ္ထသုံးလပတ်အတွင်း မြန်မာနိုင်ငံသို့ သွင်းကုန်အများဆုံး တင်သွင်းထားသည့်နိုင်ငံ (၅) နိုင်ငံတွင် တရုတ်နိုင်ငံက ဒေါ်လာ ၁၁၆၆ ဒသမ ၆၉ သန်း၊ စင်ကာပူက ဒေါ်လာ ၁၁၁၂ ဒသမ ၁၀သန်း၊ ထိုင်းနိုင်ငံက ဒေါ်လာ ၆၉၇ ဒသမ ၆၀ သန်း၊ မလေးရှားနိုင်ငံက ဒေါ်လာ ၄၀၅ ဒသမ ၄၅ သန်း၊ အင်ဒိုနီးရှားနိုင်ငံက ဒေါ်လာ ၃၁၅ ဒသမ ၇၄ သန်း တို့ဖြင့် အစဉ်လိုက် ရပ်တည်နေသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံသို့ သွင်းကုန်အများဆုံးတင်သွင်းထားသည့် ၁၀ နိုင်ငံတွင် တရုတ်နိုင်ငံမှ ဒေါ်လာ ၄၆၄၇ သန်းကျော်၊ စင်ကာပူမှ ဒေါ်လာ ၂၆၀၄ သန်းကျော်နှင့် ထိုင်းနိုင်ငံမှ ဒေါ်လာသန်း ၁၉၈၀ ကျော်ဖြင့် အစဉ်လိုက် ရပ်တည်နေသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အောက်တိုဘာမှ စက်တင်ဘာလကုန်အထိအတွင်း မြန်မာနိုင်ငံသို့ သွင်းကုန်အများဆုံး တင်သွင်းထားသည့်နိုင်ငံများတွင် တရုတ်၊ စင်ကာပူ၊ ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ အိန္ဒိယ၊ တောင်ကိုရီးယား၊ ဗီယက်နမ်၊ ဂျပန်နှင့် အမေရိကန်တို့ဖြစ်သည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံသို့ သွင်းကုန်အများဆုံး တင်သွင်းမှုအနေဖြင့် တရုတ်နိုင်ငံမှ ဒေါ်လာ ၄၆၄၇ ဒသမ ၁၀ သန်း၊ စင်ကာပူမှ ဒေါ်လာ ၂၆၀၄ ဒသမ၂၂ သန်း၊ ထိုင်းနိုင်ငံမှ ဒေါ်လာ ၁၉၈၀ ဒသမ ၈၉ သန်း၊ အင်ဒိုနီးရှားနိုင်ငံမှ ၁၁၆၄ ဒသမ ၅၁ သန်း၊ မလေးရှားနိုင်ငံမှ ဒေါ်လာ ၇၈၇ ဒသမ ၃၄သန်း၊ အိန္ဒိယနိုင်ငံမှ ဒေါ်လာ ၃၈၆ ဒသမ ၅၄ သန်း၊ တောင်ကိုရီးယားနိုင်ငံမှ ဒေါ်လာ ၃၇၆ ဒသမ ၈၅ သန်း၊ ဗီယက်နမ်နိုင်ငံမှ ၅၈သန်း၊ ဂျပန်နိုင်ငံမှ ဒေါ်လာ ၃၅၂ ဒသမ ၄၆ သန်းနှင့် အမေရိကန်မှ ဒေါ်လာ၂၂၇ ဒသမ ၃၂ သန်း တင်သွင်းထားသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ပြည်ပပို့ကုန်ဒေါ်လာ ၁၅ ဒသမ ၅ ဘီလျံနှင့် သွင်းကုန်ဒေါ်လာ ၁၄ ဘီလျံဖြင့် မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု ဒေါ်လာ ၂၉ ဒသမ ၅ ဘီလျံရရှိရန် မျှော်မှန်းထားကြောင်း ၂၀၂၂- ၂၀၂၃ ဘဏ္ဍာနှစ်အရ အသုံးခန့်မှန်းခြေငွေ စာရင်းဆိုင်ရာအချက်အလက်များ(Citizen's Budget) တွင် ဖော်ပြထားသည်။

၂၀၂၁ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၂၂ ခုနှစ် မတ် ၃၁ ရက်အထိ မြန်မာနိုင်ငံ၏ ကုန်သွယ်မှုဒေါ်လာ ၁၆ ဒသမ ၀၇၉ ဘီလျံရှိသည်။ ယခင်နှစ်ကာလတူတွင် ကုန်သွယ်မှု ဒေါ်လာ ၁၅ ဒသမ ၉၇၁ ဘီလျံရှိသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ ကုန်သွယ်မှု ပမာဏသည် ယခင်နှစ်ကာလတူထက် ဒေါ်လာ ၁၀၈ ဒသမ ၇၅၆ သန်း ပိုမိုရရှိခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ လယ်ယာထွက်ကုန်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ကုန်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ စက်မှုကုန်ချော CMP နှင့် အခြားသောကုန်ပစ္စည်းများကို တင်ပို့လျက်ရှိသည်။ သွင်းကုန်တင်သွင်းမှုတွင် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ CMP ကုန်ကြမ်းပစ္စည်းများကို အဓိကတင်သွင်းလျက်ရှိသည်။

Source: https://news-eleven.com/article/251002

## အိန္ဒိယအစိုးရသည် ကြက်သွန်နီအရန်သိုလှောင်မှုအနေဖြင့် ယခင်နှစ်ထက် ၂၀ ရာခိုင်နှုန်း ပိုမိုပြီး တန်ချိန် ၃ သိန်း ဝယ်ယူသွားမည်

အိန္ဒိယအစိုးရသည် ကြက်သွန်နီအရန်သိုလှောင်မှုအနေဖြင့် ယခင်နှစ်ထက် ၂၀ ရာခိုင်နှုန်းပိုမိုပြီး တန်ချိန် ၃ သိန်း

ဝယ်ယူသွားမည်ဖြစ်ပါကြောင်း၊ ထို့အတူ ကြက်သွန်နီအား ပိုမိုကြာမြင့်စွာ သိုလှောင်ထားရှိနိုင်ရန်အတွက် Bhadha အဏုမြူသုတေသနစင်တာနှင့်အတူ အဏုမြူဓာတ်ရောင်ခြည်ပေးစမ်းသပ်ခြင်းများကို ဆောင်ရွက်နေကြောင်း အိန္ဒိယနိုင်ငံ စားသုံးသူရေးရာဌာန အတွင်းဝန်ဖြစ်သူ Rohit Kumar က တနင်္ဂနွေနေ့တွင် ပြောကြား ထားကြောင်း The Economic Times သတင်းစာတွင် ဖော်ပြထားပါသည်။

၂၀၂၂-၂၃ ဘဏ္ဍာနှစ်တွင် အိန္ဒိယအစိုးရက ကြက်သွန်နီအရန်သိုလှောင်မှုအနေဖြင့် တန်ချိန် ၂.၅၁ သိန်း ဝယ်ယူသိုလှောင်ခဲ့ပါကြောင်း၊ အဆိုပါကြက်သွန်အရန်ဝယ်ယူမှုကို ဈေးနှုန်းတည်ငြိမ်ရေးရန်ပုံငွေ (Price Stabilization Fund – PSF) အောက်မှ ဝယ်ယူခြင်းဖြစ်ပါကြောင်းနှင့် ကြက်သွန်နီရာသီချိန်မဟုတ်သည့် အထွက်နှုန်းနည်းပါးသည့်အချိန်တွင် ဈေးနှုန်းများကြီးမြင့်ခြင်းကဲ့သို့သော လတ်တလောအရေးပေါ်ကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက်ဖြစ်ပါကြောင်း၊ ပွဲတော်အချိန်ကာလလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အတွက် ကြက်သွန်နီအရန်တန်ချိန် ၃ သိန်းထိ တိုးမြှင့်ဝယ်ယူထားသဖြင့် ယခုနှစ်တွင် ကြက်သွန်နီနှင့်စပ်လျဉ်းပြီး စိုးရိမ်စရာမရှိဟု Singh က ပြောကြားထားကြောင်း သိရှိရပါသည်။

ဆောင်းရာသီ ကြက်သွန်နီအရန်သိုလှောင်ရန် ဝယ်ယူမှုမှာ ပြီးမြောက်ပြီဖြစ်ပါကြောင်းနှင့် ယခုအခါ မိုးရာသီ ကြက်သွန်မှာ စိုက်ပျိုးနေဆဲဖြစ်ပြီး အောက်တိုဘာလတွင် ဈေးကွက်အတွင်း စတင်ရောက်ရှိလာမည်ဖြစ်ကြောင်း၊ ပုံမှန်အားဖြင့် မိုးကြက်သွန်များ ဈေးကွက်မရောက်ရှိမီ ရက် ၂၀ ခန့်အလို လက်လီဈေးကွက်တွင် ကြက်သွန်နီဈေးနှုန်းမှာ ကြီးမြင့်လေ့ ရှိသော်လည်း ယခုနှစ်တွင် ထိုကဲ့သို့အခက်အခဲမျိုးရှိမည်မဟုတ်ကြောင်း၊ တစ်ချိန်တည်းတွင် အိန္ဒိယနိုင်ငံစားသုံးသူရေးရာ ဝန်ကြီးဌာန၊ Bhadha အဏုမြူစွမ်းအင်သုတေသနဌာနနှင့် အဏုမြူစွမ်းအင်ဦးစီးဌာနတို့ပူးပေါင်း၍ ကြက်သွန်နီသိုလှောင်သည့် နည်းပညာကို စမ်းသပ်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ရှေ့ပြေးစမ်းသပ်မှုအဖြစ် ကြက်သွန်နီတန်ချိန် ၁၅၀ ကို ကိုဗော့သတ္တု – ၆၀ မှ ဂမ္မာဓာတ်ရောင်ခြည်ဖြင့် စမ်းသပ်ခြင်းအား Maharashtra ပြည်နယ်၊ Lasalgaon မြို့တွင် ဆောင်ရွက်ထားပါကြောင်းနှင့် ကြက်သွန်နီသိုလှောင်နိုင်မှုကာလကို ပိုမိုဆောင်ရွက်နိုင်စေမည်ဖြစ်ကြောင်း Singh က ပြောကြားထားပါသည်။

အိန္ဒိယနိုင်ငံ၏ ကြက်သွန်နီစိုက်ပျိုးထွက်ရှိမှု၏ ၆၅ ရာခိုင်နှုန်းမှာ ဧပြီလနှင့်မေလအတွင်းထွက်ရှိသည့် ဆောင်းကြက်သွန်မှဖြစ်ပြီး ယင်းကြက်သွန်နီများသည် မိုးကြက်သွန်ထွက်ရှိသည့် အောက်တိုဘာလနှင့် နိုဝင်ဘာလများအထိ ဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ပါကြောင်း၊ အစိုးရ၏စာရင်းအင်း အချက်အလက်ဖော်ပြချက်များအရ အိန္ဒိယနိုင်ငံအနှံ့ ပျမ်းမျှကြက်သွန်နီလက်လီဈေးနှုန်းမှာ ဇူလိုင် ၁၅ ရက်နေ့ တွင် ၁ ကီလိုဂရမ်လျှင် ၂၆.၇၉ ရူပီး (900 ကျပ်ခန့်ရှိပြီး အများဆုံးဈေးနှုန်းမှာ ၁ ကီလိုဂရမ်လျှင် ၆၅ ရူပီး ( ၂၂၇၅ ကျပ်ခန့်) မှ အနည်းဆုံးဈေးနှုန်းမှာ ၁ ကီလိုဂရမ်လျှင် ၁၀ ရူပီး(၃၅၀ ကျပ်ခန့်)ဖြစ်ကြောင်း The Economic Times သတင်းစာတွင် ဖော်ပြထားပါသည်။

အိန္ဒိယနိုင်ငံသည် ပြည်သူလူထုအပေါ်သက်ရောက်မှုရှိနိုင်သည့် အခြေခံစားသောက်ကုန်များကို ဈေးနှုန်း တည်ငြိမ်မှုရှိစေရန်အတွက် ရန်ပုံငွေဖြင့် ကြိုတင်ဝယ်ယူစုဆောင်းသိုလှောင်ထားလေ့ရှိသည်ကို တွေ့ရှိရပါသည်။ ထို့အပြင် စိုက်ပျိုးရေးသီးနှံများ ကြာရှည်သိုလှောင်ထားရှိနိုင်ရေး စမ်းသပ်ဆောင်ရွက်ခြင်းသည် စိုက်ပျိုးရေးထုတ်ကုန်များအတွက် လေလွင့်ဆုံးရှုံးမှုများကို လျှော့ချနိုင်ပြီး ပြည်ပဈေးကွက်ရရှိမှုတို့အတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်သဖြင့် မြန်မာနိုင်ငံတွင်လည်း သင့်လျော်သည့်သီးနှံသိုလှောင်သည့်စနစ်များကို စမ်းသပ်ဆောင်ရွက်သင့်ပါကြောင်း တင်ပြအပ်ပါသည်။

Source: Govt procures 3 lakh tonnes of onion for buffer stock; 20% higher than last year, The Economic Times, 16 July 2023.

(မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)%2019072023%2021:41

## အိန္ဒိယအစိုးရ၏ ရွှေနှင့် လက်ဝတ်ရတနာပစ္စည်းများတင်သွင်းမှု ကန့်သတ်ချက်တွင် အထူးစီးပွားရေးဇုန်များ ပါဝင်ခြင်းမရှိ

အိန္ဒိယအစိုးရသည် နိုင်ငံ၏ကုန်သွယ်မှုလိုငွေပြမှုကို ကုစားရန်ရည်ရွယ်၍ ရွှေနှင့်လက်ဝတ်ရတနာပစ္စည်းများ တင်သွင်းမှုကို စတင်ကန့်သတ်ခဲ့ကြောင်းသိရသည်။ အိန္ဒိယသွင်းကုန်လုပ်ငန်းများအနေဖြင့် ရွှေဖြင့်ပြုလုပ်ထားသော လက်ကောက်၊ ဆွဲကြိုးနှင့် ဘယက်များကဲ့သို့ လက်ဝတ်ရတနာပစ္စည်းများကို တင်သွင်းလိုပါက အစိုးရ၏ခွင့်ပြုချက် သို့မဟုတ်

သွင်းကုန်လိုင်စင်ရယူရန်လိုအပ်ကြောင်း အိန္ဒိယနိုင်ငံခြားကုန်သွယ်မှုအထွေထွေ ညွှန်ကြားမှုဦးစီးဌာန (DGFT) က ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာ၌ ဖော်ပြထားသည်။

သို့သော် အဆိုပါသွင်းကုန်ကန့်သတ်ချက်တွင် အိန္ဒိယ-UAE လွတ်လပ်သောကုန်သွယ်မှုစာချုပ်အရ UAE နိုင်ငံမှ တင်သွင်းသည့် ရွှေသတ္တုများက ကင်းလွတ်ခွင့်ရရှိကြောင်း သိရသည်။ မကြာသေးမီလများအတွင်းက အိန္ဒိယသွင်းကုန်လုပ်ငန်းများက မူဝါဒရေးရာအားနည်းချက်အပေါ် အခွင့်အရေးယူ၍ အင်ဒိုနီးရှားနိုင်ငံမှ ရွှေသတ္တုများကို အစိုးရထံ အခွန်အခ ပြည့်မှီအောင် ပေးသွင်းခြင်းမရှိဘဲ အများအပြားတင်သွင်းခဲ့ကြောင်း သိရသည်။

တစ်ဖန်အဆိုပါသွင်းကုန်ကန့်သတ်ချက်အသစ်တွင် အထူးစီးပွားရေးဇုန်(SEZs)များလည်း အကျုံးဝင်ခြင်း မရှိကြောင်း DGFT က ရှင်းလင်းပြောကြားခဲ့သည်။ ယခုလ ၁၂ ရက်နေ့က အစိုးရမှ ထုတ်ပြန်ကြေညာခဲ့သည့် အဆိုပါရွှေဖြင့်ပြုလုပ်သော လက်ဝတ်ရတနာပစ္စည်းများ တင်သွင်းခွင့် ကန့်သတ်ခြင်းအပေါ် အထူးစီးပွားရေးဇုန်များ၌ လုပ်ငန်းလည်ပတ်လျက်ရှိသော သွင်းကုန်လုပ်ငန်းများက စိုးရိမ်မကင်းဖြစ်လျက်ရှိရာ၊ အကောက်ခွန် စည်းကမ်းများအရ SEZ များသည် နိုင်ငံခြားနယ်နိမိတ်များဖြစ်သည့်အတွက် အဆိုပါ SEZ များရှိ လုပ်ငန်းများမှ တင်သွင်းသော သွင်းကုန်များအပေါ် ယခုကြေညာလိုက်သော တင်သွင်းခွင့်ပိတ်ပင်ကန့်သတ်မှုက သက်ရောက် ခြင်းမရှိဟု DGFT ရှင်းလင်းဖော်ပြခဲ့သည်။

ယခုဘဏ္ဍာနှစ် ဧပြီလနှင့်မေလအတွင်း အိန္ဒိယနိုင်ငံမှ ပုလဲ၊ အဖိုးတန်ကျောက်မျက်နှင့် တစ်ဝက်တစ်ပျက် အဖိုးတန်ကျောက်မျက်ရတနာများ တင်သွင်းမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄ ဘီလီယံခန့်ရှိပြီး၊ ယခင်နှစ် ကာလတူကထက် ၂၅ ဒသမ ၃၆ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ အလားတူ ရွှေသတ္တုတင်သွင်းမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၇ ဘီလီယံရှိပြီး ၄၀ ရာခိုင်နှုန်းခန့်လျော့ကျခဲ့ကြောင်း သိရသည်။ အဆိုပါ ကာလတူရှိ အိန္ဒိယနိုင်ငံ၏ ကုန်စည်သွင်းကုန် စုစုပေါင်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၇ ဘီလီယံရှိပြီး ၁၀ ဒသမ ၂၄ ရာခိုင်နှုန်းကျဆင်းခဲ့သည်။ ကုန်စည်ကုန်သွယ်မှု လိုငွေပြမှုမှာ အမေရိကန်ဒေါ်လာ ၃၇ ဒသမ ၂၆ ဘီလီယံရှိပြီး ယခင်ဘဏ္ဍာနှစ် ကာလတူတွင် အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၄၈ ဘီလီယံရှိခဲ့ရာ လျော့ကျခဲ့ကြောင်းသိရသည်။

အိန္ဒိယအစိုးရအနေဖြင့် နိုင်ငံ၏ကုန်သွယ်မှုလိုငွေပြမှုကို ကုစားရန်ရည်ရွယ်၍ ယခင်က လွတ်လပ်စွာ တင်သွင်းခွင့်ရှိသော ရွှေဖြင့်ပြုလုပ်သည့် လက်ဝတ်ရတနာပစ္စည်းများ တင်သွင်းခွင့်ကို ပိတ်ပင် ကန့်သတ်ခဲ့ခြင်း ဖြစ်သည်။ တစ်ဖက်တွင် အစိုးရ၏မူဝါဒအားနည်းချက်အပေါ် အခွင့်အရေး ရယူခဲ့သော သွင်းကုန်လုပ်ငန်းများ အပေါ် ဒဏ်ခတ်လိုက်ခြင်းဟုလည်း သုံးသပ်မိပါသည်။ တစ်ဖန် အထူးစီးပွားရေးဇုန်များမှလုပ်ငန်းများက တင်ပြလာမှုအပေါ် အစိုးရက ချက်ခြင်းတုံ့ပြန် ဆောင်ရွက်ပေးခဲ့သည်ကိုလည်း တွေ့ရှိရပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံမှ ရွှေထည်နှင့်လက်ဝတ်ရတနာပစ္စည်းများကို အိန္ဒိယနိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိသော လုပ်ငန်း များအနေဖြင့် ယခုထုတ်ပြန်ကြေညာချက်အပေါ် သတိပြုဆောင်ရွက်သင့်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

ရည်ညွှန်း

Trade Promotion Council of India၊ "India implements import restrictions on gold jewellery"၊ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်

The Economic Times၊ "Import restrictions on gold jewellery not applicable for SEZ units"၊ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်

(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)

Source:https://myantrade.gov.mm/article/STP(Ygn)%2019072023%2021:04

## တရုတ် (ကူမင်း) ပို့ကုန်/သွင်းကုန် ကုန်စည်ပြပွဲသို့ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များ ပါဝင်တက်ရောက်ပြသနိုင်ရေး ဖိတ်ခေါ်ဆွေးနွေး

တရုတ် (ကူမင်း) ပို့ကုန်/သွင်းကုန် ကုန်စည်ပြပွဲသို့ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များ ပါဝင်တက်ရောက်ပြသနိုင်ရေး ဖိတ်ခေါ်ဆွေးနွေးခဲ့ကြောင်း ကုန်သည်စက်မှုအသင်းချုပ်မှ သိရသည်။

တရုတ်နိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ယူနန်ပြည်နယ်အစိုးရတို့ ပူးပေါင်း၍ (၇) ကြိမ်မြောက် တရုတ်–တောင်အာရှကုန်စည်ပြပွဲနှင့် (၂၇) ကြိမ်မြောက် တရုတ် (ကူမင်း) ပို့ကုန်/သွင်းကုန် ကုန်စည်ပြပွဲကို ကူမင်းမြို့၊ Dianchi International Convention and Exhibition Center ၌ ၂၀၂၃ ခုနှစ် ဩဂုတ် ၁၆ ရက်မှ ဩဂုတ် ၂၀ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ရာ မြန်မာစီးပွားရေးလုပ်ငန်းရှင်များ ပါဝင်တက်ရောက် ပြသနိုင်ရေးအတွက် မြန်မာနိုင်ငံအခြေစိုက် Yunnan Chamber ဥက္ကဋ္ဌ Mr.Xie Ming Gui နှင့် တာဝန်ရှိသူများသည် ၂၀၂၃ ခုနှစ် ဇူလိုင် ၁၇ ရက် နေ့လယ်ပိုင်းတွင် ကုန်သည်စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာဝင်းစည်သူ၊ တွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးမျိုးသန့်တို့နှင့် အသင်းချုပ်တွင် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

တွေ့ဆုံရာတွင် တရုတ်နိုင်ငံ၌ ကျင်းပပြုလုပ်မည့် ကူမင်းကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံ၏ ပုဂ္ဂလိကကဏ္ဍ ကိုယ်စားပြု ကုန်သည်စက်မှုအသင်းချုပ်မှ တာဝန်ရှိသူများ တက်ရောက်နိုင်ရေး၊ ပြပွဲကြီးကို နိုင်ငံအသီးသီးမှ အထင်ကရ စီးပွားရေးလုပ်ငန်းရှင်ကြီးများ တက်ရောက်ကြမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ ထုတ်ကုန်ပစ္စည်း ဖလှယ်နိုင်ရန် ပြခန်းများပါဝင်ပြသနိုင်ရေး၊ ပြပွဲကာလအတွင်း ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဖိုရမ်များနှင့် စီးပွားရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲများကိုလည်း ထည့်သွင်းကျင်းပပြုလုပ်သွားမည်ဖြစ်သဖြင့် မြန်မာနိုင်ငံမှ သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် ကျွမ်းကျင်သူများ စေလွှတ်နိုင်ရေး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ကူမင်း ပို့ကုန်/သွင်းကုန် ကုန်စည်ပြပွဲသို့ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များ ပါဝင်တက်ရောက်ပြသနိုင်ရေးအတွက် ကုန်သည်စက်မှုအသင်းချုပ်မှ ယခုနှစ်ဇွန်လအတွင်း ဖိတ်ခေါ်ထားကြောင်းသိရသည်။

၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ် စတုတ္ထသုံးလပတ်အတွင်း မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ပို့ကုန်တင်ပို့မှုဒေါ်လာ ၁၁၈၈ သန်းကျော်ရှိပြီး စုစုပေါင်း ပို့ကုန်တင်ပို့မှု၏ ၂၉ ရာခိုင်နှုန်းကျော်ရှိကြောင်း စီမံကိန်း၊ ဘဏ္ဍာရေးဝန်ကြီး ဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့မှ သိရသည်။

၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ် ဧပြီမှ ဇွန်လအထိ ပထမသုံးလပတ်အတွင်း မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ပို့ကုန်ဒေါ်လာ ၉၄၈ ဒသမ ၁၅ သန်း တင်ပို့ထားသည်။ ဇူလိုင်မှ စက်တင်ဘာအထိ ဒုတိယသုံးလပတ်အတွင်း တရုတ်နိုင်ငံသို့ ပို့ကုန်တန်ဖိုးဒေါ်လာ ၇၉၁ ဒသမ ၅၅ သန်း တင်ပို့ထားသည်။ ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ် အောက်တိုဘာမှ ဒီဇင်ဘာအထိ တတိယသုံးလပတ်အတွင်း မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ပို့ကုန် ဒေါ်လာ ၉၀၆ ဒသမ ၁၇ သန်း တင်ပို့ထားသည်။ စတုတ္ထသုံးလပတ်ဖြစ်သည့် ၂၀၂၃ ခုနှစ် ဇန်နဝါရီမှ မတ်လအတွင်း ဒေါ်လာ ၁၁၈၈ ဒသမ ၆၅ သန်း တင်ပို့ထားသည်။

၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံမှ ပြည်ပသို့ ပို့ကုန်အများဆုံးတင်ပို့ထားသည့် ၁၀ နိုင်ငံစာရင်းတွင် တရုတ်နိုင်ငံသို့ ဒေါ်လာ ၄၉၀၅ ဒသမ ၈၀ သန်းဖြင့် အများဆုံးဖြစ်ပြီး ထိုင်းနိုင်ငံသို့ ဒေါ်လာ ၃၁၇၂ ဒသမ ၂၆ သန်းဖြင့် ဒုတိယအများဆုံးဖြစ်ကာ အစဉ်လိုက်ရပ်တည်နေကြောင်း စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ဂျပန်နိုင်ငံသို့ ဒေါ်လာ ၉၄၄ ဒသမ၂၁ သန်း၊ အိန္ဒိယနိုင်ငံသို့ ဒေါ်လာ ၈၃၆ ဒသမ ၃၇ သန်း၊ အမေရိကန်သို့ ဒေါ်လာ ၆၂၀ ဒသမ ၅၉ သန်း၊ ဂျာမနီနိုင်ငံသို့ ဒေါ်လာ ၄၂၆ ဒသမ ၂၅ သန်း၊ စပိန်နိုင်ငံသို့ ဒေါ်လာ ၄၁၁ ဒသမ ၇၁ သန်း၊ U.K သို့ ဒေါ်လာ ၃၈၅ ဒသမ ၄၀သန်း၊ နယ်သာလန်သို့ ဒေါ်လာ ၃၆၆ ဒသမ ၁၈ သန်း၊ တောင်ကိုရီးယား နိုင်ငံသို့ ဒေါ်လာ ၃၀၅ ဒသမ ၇၆ သန်း တင်ပို့ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

Source: https://news–eleven.com/article/251005

# STOCK EXCHANGE (20.7.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Search...

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 20th Jul. 2023

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 20,703 (Shares) | 41,343,300 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 1 | 8,200 | 33,109,694 | 271,500 |
| MTSH | 00002 | 2,850 | +50 | +1.79% | 2,800 | 2,900 | 2,800 | 3,229 | 9,124,750 | 38,929,150 | 110,948 |
| MCB | 00003 | 8,000 | +900 | +12.68% | 7,100 | 8,000 | 7,100 | 286 | 2,129,600 | 10,400,986 | 83,208 |
| FPB | 00004 | 1,550 | +0 | +0.00% | 1,550 | 1,550 | 1,500 | 390 | 586,700 | 29,664,613 | 45,980 |
| TMH | 00005 | 2,450 | +0 | +0.00% | 2,550 | 2,550 | 2,400 | 609 | 1,546,300 | 12,823,224 | 31,417 |
| EFR | 00006 | 2,450 | +0 | +0.00% | 2,350 | 2,450 | 2,350 | 155 | 364,750 | 19,977,223 | 48,944 |
| AMATA | 00007 | 4,900 | -100 | -2.00% | 4,900 | 4,900 | 4,900 | 8 | 39,200 | 10,497,598 | 51,438 |
| MAEX | 00008 | 1,750 | +0 | +0.00% | 1,700 | 1,750 | 1,700 | 16,025 | 27,543,800 | 23,804,946 | 41,659 |


## Market summary

As of 20th Jul. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 363.22 | +5.44 | +1.52% | 356.09 | 363.22 | 356.09 | 20,703 | 41,343,300 | 8 | 685,094 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 20th Jul. 2023

| Trading Volume | Trading Value |
|---|---|
| 20,703 (Shares) | 41,343,300 (MMK) |

## Main Board

As of 1:00 pm, 20th Jul. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 20,703 (Shares) | 41,343,300 (MMK) |

| MYANPIX | 363.22 ▲ 5.44 |
|---|---|
| Total Volume (shares) | 20,703 |
| Total Value (MMK) | 41 mil |
| Listed Company | 8 |
| Market Cap. (MMK) | 685,094 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,200 | ▲ 0 |
| MTSH | 00002 | 2,850 | ▲ 50 |
| MCB | 00003 | 8,000 | ▲ 900 |
| FPB | 00004 | 1,550 | ▲ 0 |
| TMH | 00005 | 2,450 | ▲ 0 |
| EFR | 00006 | 2,450 | ▲ 0 |
| AMATA | 00007 | 4,900 | ▼ 100 |
| MAEX | 00008 | 1,750 | ▲ 0 |